
အင်္ဂါနေ့၊ မေလ ၂၁၊ ၂၀၁၉
CHINA · YUNNAN
အထူးသတင်း A
Yunnan Daily Press Group DEMOCRACY TODAY





ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်

# နိုင်ငံတကာအလွှာပေါင်းစုံမှ အနာဂတ်အလားအလာကို မျှော်လင့်ကာ ဆက်လက်အာရုံစိုက်နေ

### 'ရပ်ဝန်းတစ်ခု ၊ လမ်းကြောင်းတစ်သွယ်' အဆိုပြုချက်သည် အောင်မြင်သည်

ဧပြီ ၂၇ ရက် ဒုတိယအကြိမ်'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်'နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုထိပ်သီးဖိုရမ် ရုပ်သိမ်းခဲ့ပြီဖြစ်သည်။ သို့သော် နိုင်ငံတကာအလွှာပေါင်းစုံမှ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်'အပေါ် ဆက်လက်ဂရုစိုက်ကာ လေ့လာမျှော်မှန်းလျက် ရှိနေပါသည်။

"ဤအကြိမ်ဖိုရမ်သည် ပြင်ပသို့ တိကျသောအချက်တစ်ခု ပြနေသည်။ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်'ကို အတူဆောက်လုပ်သည့် မိတ်ဆွေအသိုင်းအဝိုင်းသည် ပိုမိုကြီးမားလာနေပြီး ပူးပေါင်းဆောင်ရွက်မှုအရည်အသွေးလည်း ပိုမိုမြင့်မားလာနေကာ ဖွံ့ဖြိုးတိုးတက်မှုရှေ့ရေး ပိုမိုကောင်းမွန်လာနေသည်"ဟု တရုတ်နိုင်ငံ နိုင်ငံတော်သမ္မတ ရှီကျင့်ဖျင်က ၎င်းဖိုရမ်သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ အဆိုပါပြောဆိုမှုကို နိုင်ငံခြားမီဒီယာအများကလည်း သဘောတူကြသည်။ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' အဆိုပြုချက်သည် အောင်မြင်သည်။ ဤအချက်မှာ ငြင်းပယ်၍မရပါ'ဟု Deutsche Welle ဝက်ဘ်ဆိုက်ပေါ်တွင် ရေးသားထားသည်။

### 'ရပ်ဝန်းတစ်ခု ၊ လမ်းကြောင်းတစ်သွယ်' အတွေးအခေါ်ကို ဖွံ့ဖြိုးတိုးတက်ခဲ့သည်

ဧပြီ ၂၇ ရက်နေ့နံနက် ဒုတိယအကြိမ် 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု ထိပ်သီးဖိုရမ်တွင် ဗဟိုအချက်အချာအစီအစဉ် 'ခေါင်းဆောင်များ စားပွဲဝိုင်းထိပ်သီးပွဲ'ကို ကျင်းပခဲ့သည်။ ဤထိပ်သီးပွဲတွင် ပါဝင်တက်ရောက်သည့် ခေါင်းဆောင်များနှင့် နိုင်ငံတကာအဖွဲ့အစည်းမှ တာဝန်ရှိသူများသည် 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်'ကို အရည်အသွေးမြင့် တည်ဆောက်ခြင်းအပေါ် သဘောတူညီမှုများ ရရှိခဲ့သည်။ အဆိုပါသဘောတူညီမှုများကို စားပွဲဝိုင်းထိပ်သီးပွဲမှ အားလုံးသဘောတူသည့် ပူးတွဲကြေညာချက် အစီရင်စာထဲတွင် တွေ့နိုင်ပါသည်။ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို အတူဆောက်လုပ်သည့် လုပ်ဆောင်ညွှန်ကြားချက်ဖြစ်လာမည်ဖြစ်သည်။



'ယခုအကြိမ်ဖိုရမ်၏ အစီအစဉ်အားလုံးသည် 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်'၏ အနာဂတ်အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်မှုအပေါ်တွင် စုဝေးနေကြသည်'ဟု 'The Latin American News Agency'မှ သတင်းထုတ်ထားသည်။ ပူးတွဲကြေညာချက် အစီရင်ခံစာသည် အစည်းအဝေးအတွင်း ဆွေးနွေးခဲ့သည့် အကြောင်းအရာနှင့် အစည်းအဝေးသို့ တက်ရောက်သည့် ခေါင်းဆောင်များမှ ညှိနှိုင်းသည့် လုပ်ရှားမှုစီမံကိန်းများကို အနှစ်ချုပ်မည်ဖြစ်သည်။ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' အဆိုပြုချက်ကို အောင်မြင်စွာ အကောင်အထည်ဖော် လုပ်ဆောင်နိုင်ရန် အာမခံချက်ပေးမည်ဖြစ်သည်။

'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်'ကို အရည်အသွေးမြင့် အတူဆောက်လုပ်ရန် တိကျသော အကောင်အထည်ဖော်လုပ်ဆောင်ချက်များသည် မီဒီယာအသီးသီးမှ ဂရုပြုနေသည့်အချက်ပင် ဖြစ်နေပါသည်။

'တရုတ်နိုင်ငံ နိုင်ငံတော်သမ္မတ ရှီကျင့်ဖျင်သည် 'အတူညှိနှိုင်းခြင်း၊ အတူတည်ဆောက်ခြင်း၊ အတူခံစားခြင်း'ဟူသော မူဝါဒဖြင့် ဘက်ပေါင်းစုံမူဝါဒကို တွန်းဆော်သင့်ကြောင်း၊ အားလုံးအတူညှိနှိုင်းဆောင်ရွက်သင့်ပါကြောင်း တင်ပြခဲ့သည်'ကို ရိုက်တာသတင်းဌာနမှ သတိထားခဲ့သည်။ တရုတ်နိုင်ငံသည် ပိုများသောနိုင်ငံများနှင့် စံနှုန်းမြင့် လွတ်လပ်ကုန်သွယ်ရေး သဘောတူစာချုပ်ကို ချုပ်ဆိုမည်ဖြစ်ကြောင်း ကတိပြုခဲ့သည်။ အကောက်ခွန်၊ အခွန်၊ ကြီးကြပ်စစ်ဆေး အုပ်ချုပ်မှု စသည့်နယ်ပယ်များ၏ ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာအောင် လုပ်ဆောင်ပြီး 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' အကောက်ခွန်ကောက်ယူသည့် ပူးပေါင်းဆောင်ရွက်မှုစနစ်ကို တည်ထောင်ဆောက်လုပ်မည်ဖြစ်သည်။

'တရုတ်နိုင်ငံသည် တံခါးဖွင့်လှစ်ခြင်း၊ မြစိမ်းရောင်၊ တည်တံ့သောအတွေးအခေါ်ကို ခိုင်မြဲစွာလုပ်ဆောင်ပြီး ပူးပေါင်းဆောင်ရွက်မှုအားလုံးကို အလင်းရောင်အောက်တွင် လုပ်ဆောင်လည်ပတ်စေကာ အဂတိလိုက်စားမှုများကို တိုက်ဖျက်မည်'ဟု EFE က ထင်မြင်ကြောင်း ရေးသားဖော်ပြသွားသည်။ လုပ်ငန်းများကို စီမံကိန်းဆောက်လုပ်ရေး၊ လည်ပတ်ရေး၊ ဝယ်ယူရေး၊ တင်ဒါခေါ်ယူရေး စသည့်အပိုင်းကဏ္ဍများတွင် ပုံမှန်အားလုံးလက်ခံနိုင်သည့် နိုင်ငံတကာစံနှုန်း စည်းကမ်းဖြင့် လုပ်ဆောင်ရန် တွန်းတင်ထားပါသည်။ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများမှ ဖြစ်ပေါ်လာစေမည့် သံသယများကို ကင်းရှင်းပေးနိုင်မည်ဖြစ်သည်။

သမ္မတရှီကျင့်ဖျင်က 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' သိပ္ပံနည်းပညာလုပ်ဆောင်မှုအသစ်စီမံကိန်းကို ဆက်လက်အတူတည်ဆောက်လုပ်ဆောင်မည်ဟု တင်ပြထားကြောင်း' 'Pakistan Observer' သတင်းစာမှ သတိထားမိသည်။ ကိန်းဂဏန်း ချိတ်ဆက်ရေးသည် ယနေ့ ယခုကမ္ဘာကြီး၏ လိုအပ်သည့်အရာဖြစ်ကြောင်း နိုင်ငံတကာဆက်ဆံရေးနှင့် စီးပွားရေး ရှေ့ရေးကို တိုးချဲ့ရာတွင် အထူးအရေးပါကြောင်း အဆိုပါသတင်းဌာနက ထင်မြင်ကြောင်း ဖော်ပြထားသည်။ သမ္မတ ရှီကျင့်ဖျင့်၏ စကားပြောကြားမှုသည် အနာဂတ်အတွက် မျှော်မှန်းချက်ပင်ဖြစ်သည်။ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' သက်ဆိုင်ရာနယ်ပယ်အတွက် ရှေ့ဆက်လျှောက်လှမ်းရန် ဦးတည်ချက်လားရာကို လမ်းညွှန်ပေးထားပါသည်။

'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' အဆိုပြုချက်သည် ပိုမိုဖွင့်လှစ်သောခံယူမှုကို လုပ်ဆောင်မည်ကို တရုတ်နိုင်ငံက ကတိပြုသည်။ အကောက်ခွန်အဆင့်ကို ထပ်မံလျှော့နည်းစေခြင်း၊ အကောက်ခွန်တားဆီးမှုအမျိုးမျိုးကို ဖယ်ရှားခြင်း၊ တရုတ်နိုင်ငံဈေးကွက်တံခါးကို ဆက်လက်ဖွင့်လှစ်ခြင်း စသည်တို့ ပါဝင်သည်'ဟု 'Financial Times'ဝက်ဘ်ဆိုက်မှ ရေးသားထားပါသည်။

'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' အဆိုပြုချက်ကို လက်မှတ်ရေးထိုးသည့် နိုင်ငံနှင့် ပိုမိုကျယ်ပြန့်သော စီးပွားရေးနှင့် လူမှုပူးပေါင်းဆောင်ရွက်မှု စီမံကိန်းအထိသို့ တိုးချဲ့လိုက်ခြင်းသည် အဆိုပါအတွေးအခေါ်ကို ကောင်းမွန်စွာ ဖွံ့ဖြိုးတိုးတက်လိုက်သည်'ဟု 'The Australian'ဝက်ဘ်ဆိုက်မှ ရေးထားသည်။

### ထိရောက်သောကောင်းကျိုးများ သယ်ဆောင်လာပေးသည်

နိုင်ငံ ၃၇ ခုမှ နိုင်ငံခေါင်းဆောင်သို့မဟုတ် အစိုးရခေါင်းဆောင်တို့သည် စကားပွဲဝိုင်းထိပ်သီးပွဲကို တက်ရောက်ခဲ့သည်။ နိုင်ငံပေါင်း ၁၅၀ ကျော်နှင့် နိုင်ငံတကာအဖွဲ့အစည်းပေါင်း ၉၀ ကျော်မှ ကိုယ်စားလှယ် ၅၀၀၀ ကျော်သည် ဖိုရမ်သို့ တက်ရောက်ခဲ့သည်။ ဤကိန်းဂဏန်းများသည် အလွန်နက်ရှိုင်းလှပေသည်။ ပုံမှန်အားဖြင့် ကုလသမဂ္ဂမှသာ ဤသို့များပြားသည့် နိုင်ငံခေါင်းဆောင်များကို စုဝေးနိုင်သည်'ဟု ဂျာမနီ ARD ဝက်ဘ်ဆိုက်တွင် ယခုအကြိမ်ဖိုရမ်၏ စည်ကားမှုကို ချီးမွမ်းထားသည်။ 'ဤသည်မှာ တရုတ်နိုင်ငံ၏ နိုင်ငံခြားဆက်ဆံရေး သံတမန်ပွဲကြီးတစ်ခုပင် ဖြစ်သည်'ဟူ၍ မလေးရှား 'The Star'သတင်းစာမှ အဆိုပါအတိုင်း ရေးသားထားပါသည်။

ဤသည်မှာ တရုတ်နိုင်ငံ အဆိုပြုချက်က ကမ္ဘာ့တုံ့ပြန်မှုကို ရရှိခြင်းဖြစ်သည်။

ဧပြီ ၂၅ ရက်နေ့ ပေကျင်းမြို့သို့ ယခုအကြိမ် ဖိုရမ်တက်ရောက်သည့် ဆွစ်ဇာလန် ဖက်ဒရယ်ဥက္ကဋ္ဌ ယူလီမောင်လေအော်က ဆွစ်ဇာလန်သည် တရုတ်နိုင်ငံနှင့် 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ် သဘောတူ စာချွန်လွှာ'ကို လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ကြေညာခဲ့ပါသည်။ ဆွစ်ဇာလန်သည် အီတလီ၊ လူဇင်ဘတ်ပြီးနောက် ယခုလပိုင်းအတွင်း 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' အတွင်းသို့ ပါဝင်ရန် အတည်ပြုကြေညာသည့် တတိယမြောက် ဥရောပနိုင်ငံ ဖြစ်လာခဲ့ပါသည်။

'တရုတ်နိုင်ငံ၏ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' အဆိုပြုချက်သည် အီးယူ ဗဟိုနိုင်ငံ အီတလီအပါအဝင်ဖြစ်သော နိုင်ငံအများကို ဆွဲဆောင်နိုင်ခဲ့သည်။ ရှေးပိုးထည်လမ်းမကြီး၏ ပြန်လည်ထူထောင်ခြင်းမှာ ပုံရိပ်ပေါ်လာနေပြီဖြစ်သည်' ဟု 'ဆွစ်ဇာလန် နေ့စဉ်သတင်းစာ'မှ သုံးသပ်ထားသည်။ တရုတ်နိုင်ငံသည် ဆွစ်ဇာလန်မှ အာရှတိုက်တွင် အကြီးဆုံးသော ကုန်သွယ်ရေး လုပ်ဖော်ကိုင်ဖက်ဖြစ်သည်။ ဆွစ်ဇာလန် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်'သည် ကောင်းမွန်သည့်အချက်များ ရှိမည်ဖြစ်သည်။

စာမျက်နှာ( B )သို့

–စာမျက်နှာ( B )မှအဆက်

# နိုင်ငံတကာအလွှာပေါင်းစုံမှ အနာဂတ်အလားအလာကိုမျှော်လင့်ကာ ဆက်လက်အာရုံစိုက်နေ




အင်္ဂလန်'The Sun'သတင်းစာအရ အင်္ဂလန်အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးဌာနမှ အင်္ဂလန်ပိုင်ဘဏ်များနှင့် အင်္ဂလန်နိုင်ငံ လုပ်ငန်းရှင်များ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' ဆောက်လုပ်ရေးအတွင်းသို့ပါဝင်ဆောင်ရွက်ရန် စောင့်မျှော်လျက်ရှိနေသည်။ အင်္ဂလန်အစိုးရကို ကိုးကားသော သတင်းရသူတစ်ဦး၏ပြောဆိုချက်အရ သိရသည်မှာ 'လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်သော ကမ္ဘာ့အရေးပါသော စီးပွားရေးထုအနေဖြင့် တရုတ်နိုင်ငံသည် အင်္ဂလန်နိုင်ငံအတွက် အခွင့်အလမ်းကောင်းများကို ဖန်တီးပေးနိုင်ခဲ့ပါသည်။ ကျွန်တော်တို့သည်လည်း ကိုယ့်နိုင်ငံလုပ်ငန်းများအတွက် အဆိုပါအခွင့်အလမ်းများကို အမိအရ ဆုပ်ကိုင်ရန် ပြင်ဆင်ထားရမည်ဖြစ်သည်။'

'တရုတ်နိုင်ငံမှ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' ကို ပိုမိုများပြားသော အပြည်ပြည်ဆိုင်ရာနှင့် ပုဂ္ဂလိကဆိုင်ရာ ငွေကြေးထောက်ပံ့ခြင်းအတွက် တံခါးဖွင့်မည်ဖြစ်ကြောင်း ကတိပေးခဲ့သည်။ လန်ဒန်က ဦးဆောင်သော အနောက်တိုင်းစီးပွားရေးလုပ်ငန်းစင်တာများသည် 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်'စီမံကိန်းအတွင်းသို့ပါဝင်ရန် စောင့်မျှော်နေကြသည်' ဟု အင်္ဂလန် 'Financial Times'ဝက်ဘ်ဆိုက်မှ ဖော်ပြခဲ့သည်။

ဇင်ဘာဘွေ 'The Herald'၏အမြင်မှာ တရုတ်နိုင်ငံ၏ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' အဆိုပြုချက်မှာ အခြားသောနိုင်ငံများအတွက် တရုတ်နိုင်ငံ၏ အတွေ့အကြုံများကို သင်ယူခြင်းနှင့် မျှဝေခြင်းဟူသော အခွင့်အရေးပေးခဲ့သည်။ ဇင်ဘာဘွေအနေဖြင့်လည်း ဒုတိယအကြိမ် 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုထိပ်သီးဖိုရမ်ကို လေ့လာသင်ယူရန် အထူးသင့်တော်သော အခွင့်အရေးပင်ဖြစ်သည်ဟု ထင်မြင်ကြောင်း ရေးသားဖော်ပြသွားပါသည်။

'The Hindu' ဝက်ဘ်ဆိုက်၏ ထင်မြင်ချက်မှာ- တရုတ်နိုင်ငံ ဦးဆောင်သော 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' အဆိုပြုချက်သည် ကမ္ဘာလုံးဆိုင်ရာ အကျိုးသက်ရောက်မှုမှာ အာရှတိုက်မှဦးဆောင်မည်ဟူသော အစီအစဉ်သစ် ရောက်လာသည်နှင့် တူသည်။ သို့သော် အိန္ဒိယနိုင်ငံသည်လည်း မိမိကိုယ်ကို အဆိုပါအစီအစဉ်အသစ်မှ ဖယ်ထားခြင်းမျိုး မပြုနိုင်ပေ။

'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' အဆိုပြုချက်သည် အတားအဆီးမရှိအဆင်ပြေချောမွေ့စွာ ဆောင်ရွက်လုပ်ကိုင်နေသည်။ အဆိုပါ နိုင်ငံဖြတ်ကျော်စီးပွားရေးစီမံကိန်းသည် တရုတ်နိုင်ငံနှင့် စီးပွားရေးဆက်နွှယ်သော လမ်းတစ်လျှောက်နိုင်ငံများအတွက် သိသာထင်ရှားသော ကောင်းကျိုးများကို ပေးခဲ့သည်။ တရုတ်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုတွင် အခြားနိုင်ငံရေးအပိုဆောင်း အခြေအနေများ မပါဝင်ပေ'ဟု မလေးရှားနိုင်ငံ 'The Star'သတင်းစာတွင် 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်'ကို ကမ္ဘာတစ်ဝန်းမှ အာရုံစူးစိုက်ကြရသော အဓိကအကြောင်းအရင်းကို ဤသို့ရေးသားထားသည်။

## ကမ္ဘာလုံးဆိုင်ရာ နယ်ပယ်အတိုင်းအတာအထိ မျှော်လင့်ချက်များ ပြန်လည်နိုးထလာ

ယခုအကြိမ်ဖိုရမ် ရုပ်သိမ်းပြီးခဲ့သည်နှင့်အမျှ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' အရည်အသွေးမြင့်မားစွာ အတူဆောက်လုပ်ရေး၏ လှုပ်ရှားမှုအချိန်ဇယားများလည်း သိသာထင်ရှားလာသည်။ အပြည်ပြည်ဆိုင်ရာ လူ့ဘောင်အဖွဲ့အစည်းမှလည်း ယုံကြည်ချက်နှင့် မျှော်လင့်ချက်များ အပြည့်အဝရှိလာပါကြောင်း ပြောကြားခဲ့သည်။

ယခုအကြိမ်ဖိုရမ်တွင် ၂၀၁၃ ခုနှစ်မှ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' အဆိုပြုချက်တွင် တင်ပြခဲ့သော အတွေ့အကြုံများကို အကျဉ်းချုပ် ကောက်ချက်ပေးခဲ့ပြီး အကျိုးတူ အောင်မြင်မှုရရှိရေးကို အခြေခံထားကာ ကံကြမ္မာတူနှင့် တာဝန်တူ ထမ်းဆောင်ခြင်းကို ရည်မှန်းချက်ထား၍ အနာဂတ် 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' ဆောက်လုပ်ရေး အခြေခိုင်မာစွာ ဆက်လက်လျှောက်လှမ်းသွားမည်ဖြစ်ကြောင်း 'The Latin American News Agency'က ဖော်ပြခဲ့သည်။

'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' အဆိုပြုချက်တွင် အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများစွာကို လုပ်ဆောင်နိုင်ပြီး ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်အကောင်အထည်ဖော်မြှင့်တင်ဆောင်ရွက်နိုင်သော အလားအလာကောင်းသည့် အရေးပါသောအခွင့်အလမ်းဖြစ်သည်ဟု ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် Antonio Guterres က ပြောကြားခဲ့ပါသည်။

'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' အဆိုပြုချက်သည် အောင်မြင်ပါသည်။ အခြေခံအဆောက်အအုံ ဆောက်လုပ်ရေးကို ကောင်းမွန်စွာလုပ်ဆောင်ခြင်းဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွန်းအားများပေးနိုင်ခဲ့သည်။ အာဖရိကတိုက်၊ အာရှအလယ်ပိုင်း၊ အမေရိကအလယ်ပိုင်း၊ ဥရောပအရှေ့တောင်ပိုင်းများအတွက် အားမာန်ဖြစ်စေနိုင်ခဲ့ပါသည်'ဟု Deutsche Welle ဝက်ဘ်ဆိုက်မှ ချီးမွမ်းခဲ့သည်။ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်'အဆိုပြုချက်သည် နိုင်ငံအတော်များများအတွက် ကြိုးစားအားထုတ်ချင်စိတ် ပေါ်လာစေသည်။ လွန်ခဲ့သော ၁၀ နှစ်တွင် မည်သို့မျှ စဉ်းစားနိုင်ခဲ့လိမ့်မည် မဟုတ်ပေ။ လွန်ခဲ့သောနှစ်ပေါင်းများစွာတွင် ကမ္ဘာလုံးဆိုင်ရာ အတိုင်းအတာအထိ ယခုကဲ့သို့သော ကြီးမားသောရည်မှန်းချက် လုပ်ဆောင်ရန်မည်သည့်နိုင်ငံရေးသမားကမျှ နှိုးဆော်နိုင်ခဲ့ခြင်း မရှိပေ။'


'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' အဆိုပြုချက်သည် ကမ္ဘာ့စီးပွားရေးကို ပြောင်းလဲနိုင်မည်မှာ မလွဲမသွေဖြစ်သည်။ 'သယ်ယူပို့ဆောင်ရေးဟူသည့် ရိုးရှင်းသော 'သွေးကြော' မဟုတ်ပေ။ ပေကျင်းမြို့မှ ကမ္ဘာလုံးဆိုင်ရာအထိဟူသော စိတ်ဆန္ဒ၊ ရင်းနှီးမြှုပ်နှံမှု၊ ယဉ်ကျေးမှု၊ နည်းပညာဆိုင်ရာ ဆောင်ရွက်ချက်များကို တစ်ပြိုင်နက်တည်း လုပ်ဆောင်ခြင်းဖြင့် အဆိုပါ ပဏာမခြေလှမ်း၏ ကျော်ကြားမှုမှာ ထင်ရှားခဲ့သည်။' ဆက်လက်၍ နိုင်ငံ ၁၅၀ကျော်မှ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' အဆိုပြုချက်ပေါ်တွင်ထားရှိသော စိတ်ဝင်စားမှု အခြေအနေကို လေ့လာခဲ့ချိန်တွင် နိုင်ငံအများစုမှာ ဆောက်လုပ်ရေးတွင် ပါဝင်ပြီးသား ဖြစ်နေပြီဖြစ်သည်။ 'အဆိုပါဆောင်ရွက်ချက်သည် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဆက်နွှယ်မှုများအတွင်းမှ ပွတ်တိုက်မှုများကို လျှော့ချစေမည်ဖြစ်သည်။ အထူးသဖြင့် မိမိကိုယ်ကာကွယ်ရေး တစ်ကိုယ်ကောင်းဝါဒမျိုး ပပျောက်နိုင်မည်ဖြစ်သည်'ဟု ရုရှားမဟာဗျူဟာလေ့လာရေးအင်စတီကျူပါမောက္ခ Mikhail Belyaev က ထင်မှတ်ယူဆချက်ကို ထုတ်ဖော်သွားပါသည်။

'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' အဆိုပြုချက်သည် တရုတ်နိုင်ငံမှ ကမ္ဘာလုံးဆိုင်ရာ အုပ်ချုပ်မှုနှင့် အားလုံးပါဝင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်ပြိုင်အထောက်အပံ့ပေးခဲ့ခြင်းဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ပြည်သူ့ထုတ်ကုန်အနေဖြင့် 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' အဆိုပြုချက်သည် တစ်ကမ္ဘာလုံး၏ထောက်ခံချက်ကို ရထားပြီဖြစ်သည်။ အဆိုပါဆောင်ရွက်ချက်သည်လည်း ယခုလက်ရှိဆောင်ရွက်ဆဲ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဖြစ်စဉ်ဖြစ်သည်ဟု နိုင်ဂျီးရီးယား 'Leadership'သတင်းစာ ကျွမ်းကျင်သူက ပြောခဲ့ပါသည်။

'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်'၏ လိုလားချက်မှာ ကမ္ဘာကြီးငြိမ်းချမ်းရေးနှင့် ကြွယ်ဝချမ်းသာခြင်း၊ တံခါးဖွင့်ပွင့်လင်းခြင်း၊ ဆန်းသစ်ခြင်းနှင့် ယဉ်ကျေးမှုလမ်းစဉ်ကို တည်ထောင်ရန်ဖြစ်သည်။ ပြဿနာကိုတိုက်ခိုက်ခြင်းဖြင့် မဖြေရှင်းဘဲ ဆွေးနွေးခြင်းနှင့် ပြောဆိုခြင်းဖြင့် ဖြေရှင်းရန်လိုလားသည်။ ထိုနည်းတူစွာ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်'သည် အတိုင်းအတာတစ်ခုတွင် ၂၀၃၀ ပြည့်နှစ် ကုလသမဂ္ဂ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ကို မြှင့်တင်နိုင်သည်ဟု 'The Latin American News Agency' မှ ထင်မှတ်ကြောင်း ဖော်ပြခဲ့ပါသည်။

**အထွေထွေသတင်း**



# စီးပွားရေးလုပ်ကိုင်မှုပတ်ဝန်းကျင်ကို ပိုမိုကောင်းမွန်လာအောင် ယူနန်ပြည်နယ် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေ

ယခုရက်ပိုင်းအချိန်တွင် ယူနန်ပြည်နယ်အစိုးရသည် ပြည်နယ်ပါတီကော်မတီရုံး၊ ပြည်နယ်ပြည်သူ့အစိုးရရုံးခန်းတို့မှ ဧပြီလ ၁၇ ရက်တွင် ပုံနှိပ်ထုတ်ပြန်သော 'စီးပွားရေးလုပ်ကိုင်မှုပတ်ဝန်းကျင်ကို ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်ရန်နှင့် စပ်လျဉ်းသော အကြံပြုချက်များ(အောက်တွင် 'အကြံပြုချက်များ'ဟု အတိုချုံးဖော်ပြထားသည်)နှင့် 'ယူနန်ပြည်နယ် စီးပွားရေးလုပ်ကိုင်မှုပတ်ဝန်းကျင် ပိုမိုကောင်းမွန်လာစေရန်အတွက် လုပ်ဆောင်ချက် ၁၀ ရပ် (အောက်တွင် 'လုပ်ဆောင်ချက် ၁၀ ရပ်'ဟု အတိုချုံးဖော်ပြထားသည်)အပေါ် သတင်းစာရှင်းလင်းပွဲကျင်းပခဲ့ပြီး လူအများစိတ်ဝင်စားနေသော အကြောင်းအရာများကို ပြန်လည်ဖြေကြားပေးခဲ့ပါသည်။

ယူနန်ပြည်နယ်ပါတီကော်မတီ၊ ပြည်နယ် ပြည်သူ့အစိုးရသည် စီးပွားရေးလုပ်ကိုင်မှုပတ်ဝန်းကျင်ကို ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်ရန် လုပ်ငန်းများကို အလွန်အလေးထားပါသည်။ ၂၀၁၉ ခုနှစ်ကို 'စီးပွားရေးလုပ်ကိုင်မှုပတ်ဝန်းကျင်ကို ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်သောနှစ်' ဟု အတည်ပြုလိုက်ပါသည်။ သုတေသနများပြုပြီး 'အကြံပြုချက်များ' နှင့် 'လုပ်ဆောင်ချက် ၁၀ရပ်' စသည်တို့ကို မူကြမ်းရေးသားပြုစုခဲ့ပါသည်။

'အကြံပြုချက်များ'တွင် အပိုင်းကဏ္ဍ ရှစ်ခု၏ အသေးစိတ်လုပ်ဆောင်ချက် ၃၀ ကို အတည်ပြုထားပါသည်။ ပထမအချက်သည် မသင့်တော်သော သတ်မှတ်ချက်များနှင့် ကန့်သတ်ချက်များကို ပယ်ဖျက်ခြင်း၊ တရားမျှတသော ဈေးကွက်ယှဉ်ပြိုင်မှုပတ်ဝန်းကျင်ကို တည်ဆောက်ခြင်း၊ ဒုတိယအချက်သည် ခွင့်ပြုမိန့် ချမှတ်ပေးခြင်း၊ ဝန်ဆောင်မှု အရည်အသွေးကို အဆက်မပြတ် မြှင့်တင်ပေးခြင်း၊ အလုပ်များကို တိကျမြန်ဆန်မှန်ကန်စွာ ဆောင်ရွက်ပေးခြင်း၊ တတိယအချက်သည် လုပ်ငန်းအခွန်ဆောင်ခြင်းဝန်ထုပ်ကို လျှော့ချပေးခြင်း၊ လုပ်ငန်း၏ ထုတ်လုပ်မှုအရင်းအနှီးငွေကို လျှော့ချပေးခြင်း၊ စတုတ္ထအချက်သည် လုပ်ငန်းများ၏ လိုအပ်ချက်ကို အထူးဂရုစိုက်ခြင်း၊ အရေးပါသောအရာများကို သေချာစွာ ထိန်းသိမ်းပေးခြင်း၊ ပဉ္စမအချက်သည် စံနှုန်းအတိုင်း လုပ်ငန်းမစတင်မီ၊ လုပ်ငန်းလုပ်နေဆဲနှင့် လုပ်ငန်းလုပ်ပြီးနောက် စီမံကြီးကြပ်မှုများကို အားစိုက်လုပ်ဆောင်ပေးခြင်း၊ စည်းမျဉ်းစည်းကမ်းများကို ကောင်းမွန်စွာ ကာကွယ်ထိန်းသိမ်းလိုက်နာစေခြင်း၊ ဆဋ္ဌမအချက်သည် ထုတ်လုပ်မှုမူပိုင်ခွင့်များကို ကာကွယ်ထိန်းသိမ်းပေးခြင်း၊ လုပ်ငန်းသစ်များ စတင်တည်ထောင်ခြင်းအတွက် ကောင်းမွန်သော လုပ်ကိုင်မှုပတ်ဝန်းကျင်ကို ဖန်တီးပေးခြင်း၊ သတ္တမအချက်သည် နိုင်ငံခြားစီးပွားရေးလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေး လွယ်ကူစေအောင် ဆောင်ရွက်ပေးခြင်း၊ ပြည်ပသို့ တံခါးဖွင့်ဝါဒကို အားစိုက်ဆောင်ရွက်ခြင်း၊ မိမိစွမ်းအင်များကို ကာကွယ်ထိန်းသိမ်းခြင်း၊ အဋ္ဌမအချက်သည် အဖွဲ့အစည်းခေါင်းဆောင်စွမ်းရည်များကို မြှင့်တင်ပေးခြင်း၊ ကောင်းမွန်သောပတ်ဝန်းကျင်ကို ဖန်တီးတည်ဆောက်ပေးခြင်း စသည့် အကြောင်းအရာများ ပါဝင်ပါသည်။

'လုပ်ဆောင်ချက် ၁၀ ရပ်' တွင် အပိုင်းကဏ္ဍ ၁၀ ခု၏ လုပ်ဆောင်ချက် ၄၆ ကို ထုတ်ဖော်ထားပါသည်။ အစိုးရဝန်ဆောင်မှု 'စာရင်းဇယားခြောက်ရွက်'လုပ်ဆောင်ချက်၊ 'အာဏာလွှဲပြောင်းပေးခြင်း၊ လုပ်ဆောင်ခွင့်ပြုခြင်းနှင့် ကြီးကြပ်ခြင်းကို ပေါင်းစပ်ထားခြင်း၊ ဝန်ဆောင်မှုများကောင်းမွန်စေခြင်း' ပြုပြင်ပြောင်းလဲခြင်း 'ဖြေလျှော့မှုခြောက်ချက်'ဖြင့် လုပ်ဆောင်မှုစွမ်းအားများကို မြှင့်တင်ပေးခြင်း စသည်တို့ ပါဝင်ပါသည်။ လုပ်ငန်းအခြေအနေကို အာမခံပေးနိုင်ရန်အတွက် 'တရားမျှတခြင်းလုပ်ဆောင်ချက်ငါးချက်' လုပ်ဆောင်ချက်၊ လုပ်ငန်းများအတွက် လျှပ်စစ်မီး၊ မီတာ၊ ဓာတ်ငွေ့များ တပ်ဆင်ပေးခြင်း၊ အခွန်ဆောင်ခြင်းနှင့် မရွှေ့ပြောင်းနိုင်သောပိုင်ဆိုင်မှုများကို မှတ်တမ်းတင်ခြင်း 'ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ချက်ငါးရပ်'၊ ရင်းနှီးမြှုပ်နှံမှု ကူးသန်းရောင်းဝယ်ရေးအတွက် 'လျင်မြန်အောင် လုပ်ဆောင်ချက်ငါးရပ်'၊ လုပ်ငန်းများ၏ ဝန်ဆောင်မှုစွမ်းရည်ကို မြှင့်တင်ပေးခြင်းအတွက် 'သုံးညလေးခု'လုပ်ဆောင်ချက်၊ လုပ်ငန်း၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် 'ပွင့်လင်းမြင်သာမှု အချက်လေးရပ်'၊ လုပ်ငန်း၏ အခွင့်အာဏာများကို ကာကွယ်နိုင်ရန်အတွက် 'အလွယ်လုပ်ဆောင်ချက်လေးရပ်'၊ လုပ်ဆောင်နေစဉ်နှင့် လုပ်ဆောင်ပြီးစဉ်'ကြီးကြပ်ရေးလေးရပ်'၊ အစိုးရပေါ်လစီများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ခြင်းအတွက် 'စနစ်သုံးရပ်' စသည့် လုပ်ဆောင်ချက်များ ပါဝင်ပါသည်။ အကြောင်းအရာများသည် စီးပွားရေးလုပ်ကိုင်မှုပတ်ဝန်းကျင် ပိုမိုကောင်းမွန်လာစေရေးအတွက် အပိုင်းကဏ္ဍပေါင်းစုံမှ လုပ်ဆောင်ချက်များ ပါဝင်ပါသည်။ အဆိုပါစာထဲတွင် စာရင်းဇယားပုံစံဖြင့် လုပ်ဆောင်ချက် အကြောင်းအရာများနှင့် တာဝန်ရှိသောဌာနများကို တိကျသေချာစွာ ဖော်ပြထားပါသည်။

**သတင်းထောက်– ကျူသန်**

## “ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်” အရပ်ရပ်မျက်နှာကို ချိတ်ဆက်ပေးခြင်း၊ တရုတ်–လာအို ရထားသံလမ်း ဆောက်လုပ်ရေး အလုပ်များနေ

ယူနန်ပြည်နယ်၏ အတွင်းပိုင်းဒေသတွင် ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၁၈၀၀ ကျော်ရှိသော ယွီရှီးမြို့မှတောင်ဖက်သို့ ကွေးကောက်စွာ သွယ်တန်းနေသော၊ ကီလိုမီတာ ထောင်ချီရှည်လျားသော ရထားသံလမ်းကြီးသည် တဖြည်းဖြည်း ပုံပေါ်လာပါပြီ။ ဤရထားလမ်းကြီးသည် တောင်တန်းများစွာကို ကျော်ဖြတ်ပြီး အိမ်နီးချင်း လာအိုနိုင်ငံသို့ ဦးတည်လျက်ရှိနေပါသည်။ ၎င်းသည် လက်ရှိဆောက်လုပ်နေဆဲဖြစ်သော တရုတ်-လာအို ရထားသံလမ်း တရုတ်နိုင်ငံပြည်မ လမ်းပိုင်းဖြစ်သော ယွီ(ရှီး)မော်(ဟန်) ရထားသံလမ်းဆောက်လုပ်ရေးပင်ဖြစ်သည်။

တရုတ်-လာအို ရထားလမ်းသည် 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' အဆိုပြုချက်တွင် ပါဝင်နေပေသည်။ တရုတ်နိုင်ငံ-အာဆီယံ လွတ်လပ်စွာကူးသန်းရောင်းဝယ်ရေးဇုန်တည်ဆောက်ခြင်းအတွက် အရေးပါသော အခြေခံအဆောက်အအုံဖြစ်ပေသည်။ အဓိကကုန်ကျစရိတ်များကို တရုတ်နိုင်ငံမှ ထည့်သွင်းတည်ဆောက်သော ပထမဆုံးရထားလမ်းဖြစ်သည်။ တရုတ်နိုင်ငံနှင့် လာအိုနိုင်ငံတို့ အတူတကွစီမံခန့်ခွဲပြီး တရုတ်နိုင်ငံ ရထားသံလမ်းကွန်ရက်နှင့်တိုက်ရိုက်ချိတ်ဆက်ထားသော နိုင်ငံတကာရထားလမ်းကြီးဖြစ်ပေသည်။ တရုတ်-လာအို နှစ်နိုင်ငံသည် လက်တွေ့တွင် အတူတကွပူးပေါင်းဆောက်ရွက်သော စီမံကိန်းကြီး ဖြစ်ပေသည်။ ရထားလမ်းတစ်ခုလုံး တည်ဆောက်ပြီးသည့်နောက် တရုတ်နိုင်ငံ ကူမင်းမြို့မှ လာအိုနိုင်ငံ ဗီယင်ကျန်းမြို့သို့ မနက်သွား ညနေရောက်ရန် အကောင်အထည်ဖော်ဆောင်နိုင်မည်ဖြစ်သည်။

တရုတ်-လာအိုရထားသံလမ်းသည် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် စတင်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ် နှစ်လယ်ပိုင်းအချိန်တွင် ဘက်စုံဆောက်လုပ်ခြင်းလုပ်ငန်းများ လုပ်ဆောင်ခဲ့သည်။ ၂၀၂၁ ပြည့်နှစ် နှစ်ဆုံးပိုင်းအချိန်တွင် ပြီးစီးအောင် ဆောက်လုပ်မည်ဟု စီမံထားပါသည်။ ဤစီမံကိန်းသည် တရုတ်နိုင်ငံ ရထားလမ်းစံနှုန်းအတိုင်း ဒီဇိုင်းထုတ်ဖော်ထားခြင်း၊ တည်ဆောက်ထားခြင်း၊ စီမံခန့်ခွဲခြင်းများကို အကောင်အထည်ဖော်ဆောင်ရွက်သည်။ စီမံဒီဇိုင်းဆွဲထားသောမီးရထားအရှိန်သည် ၁၆၀ ကီလိုမီတာဖြစ်သည်။ **ဆင်ဟွာသတင်းဌာန**

## “သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးဇုန်ထဲသို့ ဝင်ရောက်လေ့လာခြင်း”

**အယ်ဒီတာအညွှန်း–**

ဧပြီ ၉ ရက်တွင် ယူနန်နေ့စဉ်သတင်းအဖွဲ့နှင့် ယူနန်ပြည်နယ် သစ်တောနှင့် မြက်ခင်းလွင်ပြင်ဦးစီးဌာနမှ အတူတကွ ပူးပေါင်း ကျင်းပသော 'လှပသောယူနန်၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးဇုန်ကို ဖြတ်သန်းခြင်း' ကျင်တုံ ဝူလန်တောင်နှင့် အိုင်လောင်တောင် အကြီးစား ပူးပေါင်းပါဝင်ပေါင်းစပ်ခြင်း မီဒီယာ အင်တာဗျူးအစီအစဉ်ကို ကျင်တုံရှိ တိုင်းရင်းသား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရခရိုင်တွင် စတင်လိုက်ပါသည်။ အဆိုပါအင်တာဗျူးသည် ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံ၊ အတွေးအမြင်ပေါင်းစုံမှ အဆိုပါ ဒေသအတွင်းရှိ သတ္တဝါမျိုးနွယ်စုံလင်ခြင်း အကြောင်းကို ထုတ်ဖော်ပေးလိုက်ပါသည်ဟု သတင်းထောက်မှ ပြောကြားပါသည်။

# ကျင်တုံ– သဘာဝမျိုးနွယ် စုံလင်ထူးခြားခြင်း

ကျင်တုံခရိုင်သည် ယူနန်ပြည်နယ်အနောက်တောင်ပိုင်း ဖူအော်မြို့တွင် တည်ရှိသည်။ တရုတ်နိုင်ငံအတွင်းတွင် နိုင်ငံတော်အဆင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးဇုန်နှစ်ခု ပါဝင်နေသော ခရိုင်မြို့လေးတစ်ခု ဖြစ်ပါသည်။ ၎င်းတို့သည် ဝူလန်တောင် နိုင်ငံတော်အဆင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးဇုန်နှင့် အိုင်လောင်တောင် နိုင်ငံတော်အဆင့် သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေးဇုန်တို့ ဖြစ်ပါသည်။ အဆိုပါနိုင်ငံတော်အဆင့် သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးဇုန်သည် ကျင်တုံခရိုင်မြို့အတွင်းတွင် စုစုပေါင်း ကာကွယ်ထိန်းသိမ်းမှု မျက်နှာပြင်ဧရိယာသည် ၃၅၁၆၇ ဟက်တာ(တရုတ်ဧက ၅ ဒသမ ၂ သိန်းခန့်)ရှိပါသည်။ ခရိုင်တစ်ခုလုံး နိုင်ငံပိုင် စုစုပေါင်းမြေမျက်နှာပြင်၏ ၈ ရာခိုင်နှုန်း ရှိပါသည်။



ကျင်တုံခရိုင်သည် တရုတ်နိုင်ငံတွင် သတ္တဝါမျိုးနွယ် အစုံလင်ဆုံးသော အထူးခြားဆုံးသော နယ်မြေဒေသများအနက် တစ်ခုအပါအဝင်ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်တွင် ကျင်တုံခရိုင်သည် တရုတ်နိုင်ငံအတွင်း 'သတ္တဝါမျိုးနွယ်စုံလင်ခြင်းနှင့် သဘာဝပတ်ဝန်းကျင် ဂေဟစနစ် အကျိုးပြုမှုတန်ဖိုးသုံးသပ်ခြင်း' (TEEB)နိုင်ငံတကာစီမံကိန်းငါးခု၏ စံပြခရိုင်များအနက် တစ်ခုအပါအဝင် ဖြစ်ပါသည်။ တရုတ်နိုင်ငံအတွင်း အဆိုပါစီမံကိန်းအတွက် ၂၀၁၆ ခုနှစ် စံပြခရိုင် ဆိုင်းဘုတ်ပေးအပ်ခံရသော ပထမဆုံးခရိုင်လည်းဖြစ်ပေသည်။ ကျင်တုံခရိုင်သည် သတ္တဝါမျိုးနွယ်စုံလင်ခြင်း စံပြကာကွယ်ထိန်းသိမ်းမှုစီမံကိန်းအဖြစ် ကုလသမဂ္ဂ ပတ်ဝန်းကျင်စီမံကိန်းမှ သတ်မှတ်ခြင်းကို ခံရပါသည်။ (၁၃)ကြိမ်မြောက် 'သတ္တဝါမျိုးနွယ်စုံလင်ခြင်း သဘောတူညီချက်'အစည်းအဝေးသို့ ဖိတ်ခေါ်ခံရခြင်းကြောင့် ထိုအစည်းအဝေးသို့ တက်ရောက်ခဲ့ပါသည်။ အဆိုပါအစည်းအဝေးတွင် ကျင်တုံခရိုင် သဘာဝပတ်ဝန်းကျင်ဂေဟစနစ်၏တန်ဖိုးသည် နှစ်စဉ် တရုတ်ယွမ်ငွေ ၅၄ ဒသမ ၅၀၆ ဘီလီယံဖြစ်သည်ဟု ထုတ်ဖော်ကြေညာခဲ့ပါသည်။

ကျင်တုံခရိုင်သည် တရုတ်တစ်နိုင်ငံလုံးအတွင်း 'တောရိုင်းတိရစ္ဆာန်၏ဇာတိမြေ'ဟု တင်စားခေါ်ဝေါ်ခြင်းခံရသော ခရိုင်တစ်ခုဖြစ်ပေသည်။ ကျင်တုံခရိုင်နယ်ပယ်အတွင်းတွင် အမောက်မည်း မျောက်လွှဲကျော်အုပ်စု ၈၀ ကျော် အကောင်ရေ ၅၀၀ ကျော်သည် ဝူလန်တောင်တွင် နေထိုင်ကြသည်။ ကမ္ဘာတစ်ဝန်းတွင် သက်ရှိထင်ရှားသော အမောက်မည်း မျောက်လွှဲကျော် စုစုပေါင်းအရေအတွက်၏ တစ်ဝက်ခန့်ရှိပါသည်။ ကျင်တုံ ဝူလန်တောင်ဒေသတွင် မီးခိုးရောင် အမွေးပါ မျောက်အုပ်စု ၄၃ စု ရှိသည်။ အကောင်ရေ စုစုပေါင်း ၂၀၀၀ ကျော် ရှိပါသည်။ တစ်ကမ္ဘာလုံးတွင်ရှိသော မီးခိုးရောင်အမွေးပါမျောက်(အိန္ဒိယ မီးခိုးရောင် အမွေးပါမျောက်)များ စုစည်းနေထိုင်ရာနေရာနှင့် အလေးပေး ကာကွယ်ထိန်းသိမ်းရမည့်ဒေသလည်း ဖြစ်ပါသည်။ ထိုအကြောင်းများကြောင့် ကျင်တုံခရိုင်သည် တရုတ်နိုင်ငံ တောရိုင်းတိရစ္ဆာန် ကာကွယ်ထိန်းသိမ်းရေးအသင်းမှ 'တရုတ်နိုင်ငံ အမောက်မည်း မျောက်လွှဲကျော်၏ဇာတိမြေ'နှင့် 'တရုတ်နိုင်ငံ မီးခိုးရောင်အမွေးပါမျောက်၏ဇာတိမြေ' စသည်ဖြင့် အမည်ပေးခံရခြင်းဖြစ်သည်။ **ယူနန်နေ့စဉ်သတင်းစာ**

# သူတို့တတွေ ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ် ပူးပေါင်းဆောင်ရွက်မှုကြောင့် ဆင်းရဲမွဲတေခြင်းဘဝမှလွတ်မြောက်လာ

ယခုရက်ပိုင်း နေပြည်တော် တရုတ်-မြန်မာ ဆင်းရဲမှုလျှော့ချရေး စံပြပူးပေါင်းဆောင်ရွက်မှုစီမံကိန်းမှ စံပြရွာနှစ်ခု၏ ရွာသူရွာသား ၄၀ ကျော်တို့သည် ရန်ကုန်မြို့ တရုတ်ယဉ်ကျေးမှုစင်တာတွင် 'ကျွန်တော်တို့ရဲ့ ပိုးလမ်းမ'ဓာတ်ပုံပြပွဲကို လာရောက်လေ့လာကာ တရုတ်ယဉ်ကျေးမှုကိုလည်း ခံစားကြပါသည်။

အဆိုပါရွာသူရွာသားအဖွဲ့ကို ဦးဆောင်ခဲ့သူများမှာ မြန်မာနိုင်ငံ လယ်ယာစိုက်ပျိုးရေးဖွံ့ဖြိုးမှုဌာန ဦးစီးမှူး ဦးရဲခိုင်၊ ယူနန်ပြည်နယ် နိုင်ငံတကာဆင်းရဲမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးမှုစင်တာညွှန်မှူး တရုတ်-မြန်မာ ဆင်းရဲမှုလျှော့ချရေး၊ စံပြစီမံကိန်း(တရုတ်)ပညာရှင် အဖွဲ့ခေါင်းဆောင် ရှီးဝိန်လိနှင့် ၎င်းစီမံကိန်း၏ အခြားသောဝန်ထမ်းများ ဖြစ်ကြသည်။ ထို့ပြင် နောက်တစ်ရက်မှာ ရန်ကုန်မြို့တောင်ပိုင်း ကျောက်တန်းမြို့နယ်မှာ ကျေးရွာပတ်ဝန်းကျင်ပြောင်းလဲရေးနှင့် အမှိုက်ရှင်းလင်းမှု စံပြရွာကို သွားရောက်လေ့လာခဲ့ကြပါသည်။

ယခုအကြိမ် နေပြည်တော် တရုတ်-မြန်မာ ဆင်းရဲမှုလျှော့ချရေးစံပြရွာမှ ရွာသူရွာသားများအား တရုတ်ယဉ်ကျေးမှုစင်တာသို့လေ့လာရန် ဖိတ်ခေါ်ယူသည့်အစီအစဉ်မှာ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်' ဆောက်လုပ်ရေး အလေးပေးအကြောင်းအရာတစ်ခုဖြစ်သည့် ပြည်သူ့နှလုံးသားချင်း နီးစပ်စေခြင်းအား ထင်ဟပ်စေရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ 'ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်သွယ်'လမ်းတစ်လျှောက်ရှိ နိုင်ငံအနေနှင့် ဖွံ့ဖြိုးမှုနှင့် ဆင်းရဲမှုလျှော့ချရေးမှာ ရင်ဆိုင်ရမည့် အရေးအကြီးဆုံးပြဿနာတစ်ခုပင်ဖြစ်နေပါသည်။ ဆင်းရဲမှုလျှော့ချရေးသည် လူထုလူနေမှုကဏ္ဍနှင့် အဆက်စပ်ဆုံးနှင့် အအပ်စပ်ဆုံးနယ်ပယ်ပင် ဖြစ်ပါသည်။ ပြည်သူလူထုကို တိုက်ရိုက်အကျိုးဖြစ်စေနိုင်ပြီး လူထု၏နှလုံးသားနှင့် အနီးကပ်ဆုံးပင်ဖြစ်ပါသည်။ ပြည်သူလူထု၏ဆန္ဒနှင့် အကိုက်ညီဆုံးဖြစ်သည့် ကောင်းမှုကြီးတစ်ရပ်ပင် ဖြစ်နေပါသည်။

တရုတ်ယဉ်ကျေးမှုစင်တာ ဒုတိယညွှန်ကြားရေးမှူး Dr. Daw Yin Yin May က အမှာစကားပြောကြားရာတွင် ရွာသူရွာသားများ ရောက်ရှိလာခြင်းအပေါ် လှိုက်လှဲစွာ ကြိုဆိုပါကြောင်း၊ တရုတ်ယဉ်ကျေးမှုစင်တာ၏ အခြေအနေကို မိတ်ဆက်ပေးကြောင်း၊ တရုတ်ယဉ်ကျေးမှုစင်တာမှာ တရုတ်-မြန်မာ နှစ်နိုင်ငံယဉ်ကျေးမှု အပြန်အလှန် နားလည်ရေးနှင့် ဖလှယ်ရေးအတွက် အလေးထားဆောင်ရွက်နေပါကြောင်း၊ လက်ရှိအချိန်မှာ 'ကျွန်တော်တို့၏ပိုးလမ်းမ' ဓာတ်ပုံပြပွဲ ရှိနေပါကြောင်း၊ ဖွင့်လှစ်သော စာကြည့်တိုက်မှာ တရုတ်-မြန်မာ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှု၊ လူမှုရေး စသည့်ကဏ္ဍများနှင့်ပတ်သက်သော နောက်ဆုံးထုတ် စာအုပ်စာပေများရှိနေရာ အားလုံးအနေနှင့် အခမဲ့ စာအုပ်ဖတ်ရှုလေ့လာခြင်း၊ အီလက်ထရွန်နစ်ဗားရှင်း စာအုပ်စာပေ အရင်းအမြစ်များကို download ဆွဲခြင်းများကို လုပ်ဆောင်နိုင်ပါကြောင်း၊ ဤစင်တာအတွင်း တရုတ်ယဉ်ကျေးမှုဆိုင်ရာ သင်တန်းများ(တရုတ် စုတ်တံလက်ရေး ရေးနည်း၊ တရုတ်ကွန်ဖူး၊ တိုင်းရင်းသားအကများ၊ ရိုးရာအနုပညာစက္ကူညှပ်ခြင်း စသည်များ) ကို ဖွင့်လှစ်ပေးနေပါကြောင်း၊ တရုတ်-မြန်မာ ချစ်ကြည်ရေးကို တိုးမြှင့်စေပါကြောင်း စသည်ဖြင့် ပြောကြားသွားပါသည်။ ထို့အပြင် ရွာသူရွာသားများကိုလည်း တရုတ်နိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း (ပန်းစိုက်နည်းပညာ အပါအဝင်) အကြောင်းကိုလည်း မိတ်ဆက်ပေးသွားကာ နှစ်နိုင်ငံ ပြည်သူလူထုအကြား အပြန်အလှန် လေ့လာသင်ယူကာ အတူတကွ တိုးတက်နိုင်ပါစေကြောင်း သူက ဆက်လက်ပြောကြားသွားပါသည်။



အင်တာဗျူးကိုဖြေကြားရာမှာ ဦးရဲခိုင်က ပြောကြားသွားသည်မှာ"တရုတ်-မြန်မာ ဆင်းရဲမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းသည် တရုတ်နိုင်ငံ့ခေါင်းဆောင်က ၂၀၁၄ ခုနှစ်မှာ တင်ပြထားသည့်အရှေ့အာရှ ဆင်းရဲမှုလျှော့ချရေး အဆိုပြုချက်ဖြစ်ပါကြောင်း၊ တရုတ်အစိုးရမှ ကူညီပံ့ပိုးထားခြင်းဖြစ်ကြောင်း၊ စီမံကိန်းကာလမှာ သုံးနှစ်ဖြစ်ရာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှာ စတင်ခဲ့ပါကြောင်း၊ ကျွန်တော်တို့က တရုတ်ဆင်းရဲမှုလျှော့ချရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ပါရဂူပညာရှင်များနှင့် ပူးပေါင်းဆောင်ရွက်ကြခြင်းဖြစ်ပါကြောင်း၊ ယခုလက်ရှိ အကောင်အထည်ဖော်ဆောင်နေသည်မှာ အခြေခံအဆောက်အအုံကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဥပမာ-ကားလမ်း၊ သောက်သုံးရေ၊ စာသင်ကျောင်း၊ ဆက်သွယ်ရေး၊ လယ်သမားဘဝ တိုးတက်ကောင်းမွန်ရေး၊ လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးတို့ဖြင့် တောင်သူတို့၏ ဝင်ငွေတိုးပွားစေရေး စသည်တို့ပင်ဖြစ်ကြောင်း၊ ဒေသခံ၏လက်တွေ့အခြေအနေနှင့် လိုက်လျောညီထွေပြီး ရွာသူရွာသားများအား စိုက်ပျိုးရေး၊ မွေးမြူရေး နည်းပညာဆိုင်ရာ သင်တန်းများကို ဖွင့်လှစ်ပေးပါကြောင်း၊ ရွာသူရွာသားများအား နည်းလမ်းနှင့်နည်းပညာတို့ကို ထောက်ပံ့ပေးနေပါကြောင်း၊ သူတို့၏ လူနေမှုအခြေအနေ တိုးတက်ဖွံ့ဖြိုးလာအောင် ကူညီပေးခြင်းပင်ဖြစ်ပါကြောင်း'စသည်ဖြင့် ရှင်းလင်းပြောကြားသွားပါသည်။

အဆိုပါ ဆင်းရဲမှုလျှော့ပါးရေးအစီအစဉ်နှင့် ဖွံ့ဖြိုးတိုးတက်ခြင်းဆိုင်ရာ ပုံစံများမှာ တရုတ်နိုင်ငံထံမှ ရရှိခြင်းပင်ဖြစ်ပါကြောင်း၊ ယခုနှစ်ပိုင်းမှာ တရုတ်နိုင်ငံသည် မိမိ၏နိုင်ငံအတွင်းမှာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်း တစ်ဝက်ကျော်ကို အောင်မြင်စွာ လုပ်ဆောင်နိုင်ခဲ့သည်မှာ အလွန်ပင်အံ့မခန်း အောင်မြင်မှုများပင်ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံ၏ အကူအညီအောက်မှာ စံပြရွာနှစ်ခု (စုစုပေါင်း အိမ်ထောင်စုပေါင်း ၁၂၀၀ ကျော်) အကောင်အထည်ဖော်ဆောင်ပြီးသည့်နောက် ကျွန်တော်တို့သည် အဆိုပါပုံစံကို အခြားကျေးရွာမှာကျင့်သုံးရန် ဆက်လက်လုပ်ဆောင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအပြင် လာအို၊ ကမ္ဘောဒီးယားနိုင်ငံများမှာလည်း တရုတ်နိုင်ငံ၏အကူအညီဖြင့် တူညီသောပုံစံဖြင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းကို ဆက်လက်ကျင့်သုံးလုပ်ဆောင်မည် ဖြစ်ပါကြောင်း စသည်ဖြင့် ဦးရဲခိုင်က ဆက်လက်ပြောကြားသွားပါသည်။ ယခုခေတ် တစ်ကမ္ဘာလုံးအတိုင်းအတာမှာ လူဦးရေ သန်း ၈၀၀ ကျော်သောလူများသည် အလွန်အကျွံဆိုးရွားသည့် ဆင်းရဲမွဲတေမှု စံချိန်အောက်တွင် ရောက်ရှိနေသည်ကို တွေ့ရှိရပါသည်။

တစ်ကမ္ဘာလုံးဆိုင်ရာ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းမှာ တာဝန်ကြီးလေးလှပါသည်။ ၂၀၁၄ ခုနှစ် (၁၇)ကြိမ်မြောက် အာဆီယံနှင့် တရုတ်၊ ဂျပန်၊ ကိုးရီးယား (၁၀+၃) အစည်းအဝေးပေါ်မှာ တင်ပြခဲ့သည့် 'အရှေ့အာရှ ဆင်းရဲမှုလျှော့ချရေး အကြံပြုချက်'ကို အကောင်အထည်ဖော်ဆောင်ရန် တရုတ်အစိုးရ၏ အကူအညီဖြင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနိုင်ငံတို့မှာ အရှေ့အာရှ ဆင်းရဲမှုလျှော့ချရေး စံပြပူးပေါင်းဆောင်ရွက်မှုစီမံကိန်းကို လုပ်ဆောင်ခဲ့ကြပါသည်။ အဆိုပါသုံးနိုင်ငံ၏ ဆင်းရဲမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှုဖြင့် အရှေ့အာရှ ဆင်းရဲမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်မှု စံပြပွဲ့င့်များကို ထူထောင်ခဲ့ကြခြင်းဖြစ်ပါသည်။

**အထွေထွေသတင်း**

# "တမူထူးခြားသော နှစ်(၇၀)"

**အယ်ဒီတာအညွှန်း–**

၂၀၁၉ ခုနှစ်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံထူထောင်သည့် နှစ်(၇၀)ပြည့်နှစ်ဖြစ်သည်။ နှစ်ပေါင်း(၇၀)အတွင်း တရုတ်နိုင်ငံသည် ဆင်းရဲနွမ်းပါးပြီး အင်အားနည်းသည့်နိုင်ငံမှသည် ယနေ့ကမ္ဘာ့အလယ် ဒုတိယအင်အားအကြီးဆုံး စီးပွားရေးထုကြီး ဖြစ်လာနိုင်ခဲ့ပြီ။ အထွေထွေနိုင်ငံ့အင်အားမှာလည်း သမိုင်းဝင် ကမ္ဘာကျော်အဆင့်အတန်းသို့ ရောက်ရှိလာနိုင်ခဲ့ပါပြီ။ ယခုသီတင်းပတ်မှစတင်ပြီး ကျွန်တော်တို့အနေနှင့် 'တမူထူးခြားသော နှစ်(၇၀)' အထူးကော်လံကဏ္ဍကို တင်ဆက်မည်ဖြစ်သည်။ နှစ်ပေါင်း ၇၀ အတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ ဖြစ်ပေါ်ခဲ့သော အံ့မခန်းပြောင်းလဲမှုကြီးများကို သယ်ဆောင်ပေးလာမည်ဖြစ်သည်။

# ယူနန်၏ ခရိုင်(မြို့၊ ဒေသ)၃၃ခု ဆင်းရဲမှုမှ လွတ်မြောက်လာ

အခြားသောအဖွဲ့အစည်း စိစစ်ခြင်းနှင့် လက်တွေ့အကဲဖြတ် စစ်ဆေးခြင်းမှ တစ်ဆင့် တုံးချွမ်းဒေသ စသည့် ဆင်းရဲနွမ်းပါးမှုခရိုင်(မြို့ ၊ ဒေသ) ၃၃ခုတို့ကို ဆင်းရဲမှုလွတ်မြောက်ခြင်း လိုအပ်ချက်များကို ပြည့်မီသဖြင့် ယူနန်ပြည်နယ်ပါတီ ကော်မတီ၊ ပြည်နယ်ပြည်သူ့အစိုးရတို့၏ လေ့လာသုံးသပ်မှုအရ ဆင်းရဲမှုခရိုင်စာရင်းမှ နုတ်ထွက်ခွင့်လိုက်ပါကြောင်း၊ ယခုလက်ရှိအချိန်အထိ ပြည်နယ်တစ်ခုလုံး ဆင်းရဲမှုခရိုင်(မြို့ ၊ ဒေသ) ၄၈ ခုတို့သည် ဆင်းရဲမှုမှ လွတ်မြောက်လာနိုင်ပြီဖြစ်ကြောင်း၊ ဆင်းရဲခရိုင် စုစုပေါင်းအရေအတွက်၏ ၅၄ ဒသမ ၅ ရာခိုင်နှုန်းအထိ ရှိနေပါကြောင်း၊ တစ်ပြည်လုံး ဆင်းရဲမှုလွတ်မြောက်နှုန်းနှင့် အကြမ်းဖျင်းအားဖြင့် တူညီနေပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေး အောင်မြင်ခြင်းအတွက် ခိုင်မာသည့် အခြေခံကောင်းကို ချမှတ်နိုင်ခဲ့ပြီဖြစ်ပါကြောင်း စသည်ဖြင့် ဧပြီ ၁၀ ရက်တွင် ၂၀၁၈ ခုနှစ် ယူနန်ပြည်နယ်ခရိုင် ဆင်းရဲမှုမှလွန်မြောက်ခြင်း သတင်းစာရှင်းလင်းပွဲတွင် သတင်းရရှိပါသည်။

ဆင်းရဲမှု နုတ်ထွက်လွတ်မြောက်ခြင်းလုပ်ငန်းမှာ 'ခရိုင်အဆင့် လျှောက်ထားခြင်း၊ ပြည်နယ်ခွဲ(မြို့)အဆင့် စိစစ်ခြင်း၊ ပြည်နယ်အဆင့် အကဲဖြတ်စစ်ဆေးခြင်း၊ ဆင်းရဲမှုနုတ်ထွက်ခြင်းကို ခွင့်ပြုခြင်း' စသည့် အစီအစဉ်ကို တင်းကျပ်စွာ လိုက်နာပြီး ဆောင်ရွက်ထားပါသည်။ အကဲဖြတ်စစ်ဆေးခြင်းမှ ထွက်လာသောအဖြေမှ သိရသည်မှာ 'ခရိုင်(မြို့၊ ဒေသ) ၃၃ခု၏ အထွေထွေ ဆင်းရဲမှုပြန်ဖြစ်ပွားနှုန်းမှာ ၃ ရာခိုင်နှုန်းအောက် ရောက်ရှိကာ ဆင်းရဲမှုလွတ်မြောက်သူဦးရေ မှားယွင်းမှုနှုန်း ၂ ရာခိုင်နှုန်းသာရှိ၍ ဆင်းရဲသူဦးရေ မတွက်ချက်မှုနှုန်းမှာ ၂ ရာခိုင်နှုန်းအောက်ရှိပြီး လူထုလက်ခံမှုနှုန်း ၉၀ ရာခိုင်နှုန်းအထက်ရောက်ရှိသည်ကို တွေ့ရသဖြင့် ဆင်းရဲမှုခရိုင်လွတ်မြောက်မှုစံချိန်နှင့် ကိုက်ညီသည်ကို တွေ့ရှိရပါသည်။ အခြားသောအကဲဖြတ်အဖွဲ့အစည်းက ပြည်နယ်အဆင့် ခွင့်ပြုကြောင်းကို အကြံပြုသွားပါသည်။

**အထွေထွေသတင်း**